unite for children

unicef

# PRESS RELEASE

## မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များအတွက် ပထမဆုံးသော အခြေအနေဆန်းစစ် လေ့လာမှု အစီရင်ခံစာအား မိတ်ဆက်

**နေပြည်တော်၊ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်** - မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များ ရင်ဆိုင်နေရသော အတားအဆီးအခက်အခဲများနှင့် စပ်လျဉ်း၍ ဆန်းစစ်လေ့လာမှုနှင့် သတင်းအချက်အလက်တို့ကို ဖော်ပြထားသည့် အစီရင်ခံစာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့မှပူးပေါင်း၍ ယနေ့ မိတ်ဆက်လိုက်သည်။

မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များ၏ အခြေအနေဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ (EU)နှင့် နော်ဝေနိုင်ငံတို့ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းမှ ပံ့ပိုးကူညီထားခြင်းဖြစ်ပြီး အစီရင်ခံစာတွင် မသန်စွမ်းကလေးသူငယ်များ၏ အခွင့်အရေးများ၊ လက်ရှိတွေ့ကြုံနေရသည့်အခြေအနေများ၊ ၎င်းတို့၏ အသိုင်းအဝိုင်းအတွင်း ရင်ဆိုင်ရသည့် အတွေ့အကြုံအခက်အခဲများနှင့် အခြေခံဝန်ဆောင်မှုများရရှိနိုင်ရေး စသည့် အကြောင်းအရာများကို ဆန်းစစ်လေ့လာထားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် အသိုင်းအဝိုင်းအတွင်းမှ ဖန်တီးဖြစ်ပေါ်လာသည့် မသန်စွမ်းကလေးသူငယ်အခွင့်အရေးများ ဆုံးရှုံးစေရသည့် အတားအဆီး အခက်အခဲများ ဖော်ထုတ်ခြင်းကိုလည်း ဦးတည်လေ့လာထားသည်။ ယင်းလေ့လာချက်များတွင် မသန်စွမ်း ကလေးသူငယ်များအပေါ် အနုတ်သဘောဆောင်သည့် အပြုအမူများ၊ ပတ်ဝန်းကျင်နှင့် ဆက်သွယ်ရာတွင် ဖြစ်ပေါ်စေသည့် အတားအဆီးအခက်အခဲများ၊ မူဝါဒရေးဆွဲခြင်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်ခြင်းကဏ္ဍများတွင်ရှိနေသည့် လိုအပ်ချက်များအား လေ့လာခြင်းများလည်း ပါဝင်သည်။

"မသန်စွမ်း ကလေးသူငယ်တွေ နေ့စဉ်ဘဝတွေနဲ့ ရပ်ရွာအတွင်းမှာ လူမှုရေးဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ရေးအတွက်သော်လည်းကောင်း၊ ရင်ဆိုင်နေရတဲ့ အတားအဆီး အခက်အခဲတွေနဲ့ စပ်လျဉ်းပြီး ဆန်းစစ်လေ့လာမှုနဲ့ သတင်းအချက်အလက်တွေကို ဒီအစီရင်ခံစာမှာ ဖော်ပြထားတာဖြစ်ပြီး မသန်စွမ်းကလေးသူငယ်တွေ လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်နဲ့ လူမှုရေးအရ ပေါင်းစည်းပါဝင်နိုင်မှုတွေကို ခိုင်မာသေချာစေဖို့ လုပ်ဆောင်ချက်တွေနဲ့ အရေးတကြီး ဆောင်ရွက်ရမယ့် အဓိကဧရိယာတွေလည်း ပါဝင်ဖော်ပြထားပါတယ်။"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဦးဝင်းမြတ်အေးက ပြောသည်။

"ဒါကြောင့်ပင် အစီရင်ခံစာကိုဖတ်ရှုလေ့လာဖို့နဲ့ အစီရင်ခံစာမှာပါဝင်တဲ့ အကြံပြုတင်ပြချက်တွေကို စဉ်းစားသုံးသပ်ပြီး မသန်စွမ်း ကလေးသူငယ်တွေရဲ့ အခွင့်အရေးတွေကို ပြည့်မီစေရေး မြှင့်တင်ဆောင်ရွက်တဲ့ နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်မှုတွေကို ထောက်ကူဖို့ တိုက်တွန်း အားပေးလိုပါတယ်။"

အစီရင်ခံစာမှ တွေ့ရှိချက်အရ မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များသည် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အခြေခံဝန်ဆောင်မှုများ ရရှိနိုင်မှုနည်းပါးခြင်း၊ လူထုအသိုင်းအဝိုင်းအတွင်း ၎င်းတို့၏ အမြင်နှင့်အသံများအား ကြားသိရမှုများ အလွန်နည်းပါးခြင်းနှင့် နေ့စဉ်ဘဝတွင် နှိမ့်ချဆက်ဆံခံရခြင်းများ ကြုံတွေ့နေရကြောင်း သိရှိရသည်။ မူဝါဒပိုင်းဆိုင်ရာနှင့် ဥပဒေပြဋ္ဌာန်းချက်များ ကောင်းမွန်စွာ မရှိခြင်းဟာလည်း ၎င်းတို့ တွေ့ကြုံရသည့် အတားအဆီးအခက်အခဲများ ဖြစ်ပေါ်စေကြောင်း မီးမောင်းထိုးပြသထားသည်ကို တွေ့ရသည်။

ဤအစီရင်ခံစာတွင် ပါဝင်သည့် အချက်အလက်များသည် ၂၀၁၁ခုနှစ်တွင် နိုင်ငံတော်မှ လက်မှတ်ရေးထိုးခဲ့သည့် ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် CRPD ၏ အခြေခံသဘောတရားအရ မသန်စွမ်းကလေးသူငယ်များ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ရန်အတွက် ရည်ရွယ်ကာ မူဝါဒချမှတ်သူများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သူ မိတ်ဖက်များနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူအဖွဲ့အစည်းများအား အထောက်အကူပြုနိုင်ရန်ဖြစ်သည်။ ထို့အပြင် အစီရင်ခံစာသည် မသန်စွမ်းသူများအား ထောက်ပံ့လျက်ရှိသော လူမှုရေးဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လူတိုင်းရရှိခံစားနိုင်ရေး တိုးတက်ကောင်းမွန်ရန် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားချင်းစာနာထောက်ထားမှုတို့နှင့် စပ်လျဉ်းသည့် မူဝါဒအစီအစဉ်အားလုံးတွင် မသန်စွမ်းမှုအား ပေါင်းစပ်ထည့်သွင်းရေးအတွက် အကိုးအကား လမ်းညွှန်ချက်တစ်ခုအဖြစ် အထောက်အကူပြုစေမည် ဖြစ်ပါသည်။

"ဆန်းစစ်လေ့လာမှု အစီရင်ခံစာဟာ မသန်စွမ်းကလေးသူငယ်တွေရဲ့ အကျပ်အတည်း၊ အတိဒုက္ခတွေကို တစ်နည်းနည်းဖြင့် မျက်ကွယ်ပြုထားခြင်းကို သိမြင်နားလည်နိုင်စေဖို့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခု ဖြစ်ပါတယ်။" ဟု ယူနီဆက်ဖ်မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဘတ်ထရန်ဘိန်းပဲ(လ်)က ပြောသည်။ "ယခုလို ကြိုးပမ်းခြင်းအားဖြင့် လေ့လာဆန်းစစ်မှုဟာ မြန်မာနိုင်ငံမှ မသန်စွမ်းဆိုင်ရာ အရေးကိစ္စတွေကို အပြုသဘောတုန့်ပြန်ဆောင်ရွက်မှုတွေလုပ်နိုင်ဖို့၊ မသန်စွမ်း ကလေးသူငယ်တွေ အတွက် အတူတကွထားရှိတဲ့ ကတိကဝတ်တွေ ပိုမိုခိုင်မာစေဖို့၊ မသန်စွမ်းကလေးသူငယ်တွေ ရပ်ရွာပတ်ဝန်းကျင်မှာ ပါဝင်ဆောင်ရွက်ခြင်း၊ ပေါင်းစည်းပါဝင်ခြင်းစတဲ့ အခြေခံစည်းမျဉ်း၊ သာတူညီမျှမှုနဲ့ အားလုံးအတွက် အကျိုးအမြတ် အဖြစ်အမှန်တစ်ကယ် ဆောင်ရွက်နိုင်ဖို့ လှုံ့ဆော်အသိပေးနိုင်မှာ ဖြစ်ပါတယ်။"

**UNICEF in Myanmar**

UNICEF အနေဖြင့် မြန်မာနိုင်ငံတွင် ၁၉၅၀ခုနှစ်ကတည်းက စတင် လုပ်ဆောင်နေသော အဖွဲ့ဖြစ်သည်။ UNICEF အနေဖြင့် အစိုးရနှင့် လူမှုအခြေစိုက်အဖွဲ့များဖြင့် မိတ်ဖွဲ့ကာ ကလေးသေဆုံးမှုနှုန်း လျော့ချရေး၊ ကလေးများ အရည်အသွေးပြည့်ဝသော ပညာရေးကို သင်ကြားနိုင်စေရေးနှင့် ကလေးများအား အကြမ်းဖက်မှုမှကာကွယ်ရေး စသည့် လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်လျှက် ရှိသည်။

Website: http://www.unicef.org/myanmar

Facebook: https://www.facebook.com/unicefmyanmar

**ပိုမိုသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည် -**


Mariana Palavra, Communication Specialist, Advocacy, Partnerships and Communication Section, UNICEF Myanmar, 09795452618, mpalavra@unicef.org

Htet Htet Oo, Communication Officer, Advocacy, Partnerships and Communication Section, UNICEF Myanmar, 09250075238, hoo@unicef.org